**MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED**

# ENVIRONMENT POLICY

## ENVIRONMENT POLICY

MAEX's vision is "Taking Responsibility for Conserving and Sustaining the Environment & Mother Earth" and our plan to deliver this vision is always implemented whenever and wherever we do business. To achieve our plan, it is essential that we work with the natural environment. This requirement informs all of the stages of our operations as we provide clean and sustainable actions and conserve our environment. We drive for continual improvement of our approach; to enable us to enhance our environmental and quality performance, maintain a clear focus on meeting the needs of our customers and the environment and to work effectively in partnership with our key stakeholders. This is at the heart of our approach.

In addition to following the standards, guidelines and rules set out in several Envinronmental Regulations such as the Environmental Conservation Law (2012), Environmental Conservation Rules (2014), Myanmar Environmental Impact Assessment (EIA) procedures (2016) and Environmental Quality Standards (2016) by the Ministry of Natural Resources and Environmental Conservationand as well as following the ISO 140001 which specifies requirements for an effective management system. MAEX's environment vision and our strategic Business Objectives are in line with and we aim to:

- Maintain compliance with applicable legal and relevant rules, regulations, laws and obligations of Myanmar
- Foster constructive relationships with our stakeholder groups and regulators, and take an active and positive role in the community where we work.
- Ensure we reliably deliver clean, safe products and services to our customers, remove the industrial waste and return cleanly to the environment without causing harm.
- Ensure that all our employees and those who work on our behalf have received appropriate environmental and quality training and have developed an awareness of issues included in this policy.
- Continue to reduce and prevent pollution through innovative technology, effective management control systems, and through targeted efficient investment, shared throughout the Group.
- Proactively conserve and enhance biodiversity, through efficient and effective practices.
- Manage our land resources in a socially and environmentally responsible manner, balancing the needs of our shareholders, customers, partners and stakeholders with our duty as promoter of the natural environment.
- Maintain and enhance services for our customers, especially farmers, in the face of extreme weather and the changing climate, to an acceptable level.
- Play our part in mitigating future climate change by managing the greenhouse gas emissions produced in our operations and embedded in our supply chain, and also by managing the emission of pollutants.
- Help to ensure energy security for Myanmar and our business by being efficient and by optimizing the use.

- Work with colleagues and our supply chain (goods and services) to drive improvements in the sustainable use of resources.
- We will aim to do all of the above where practicable and at an affordable cost to our shareholders and to our customers.

The policy applies to all companies in which MAEX has a substantial controlling interest. These companies will adapt this policy, and we will encourage them to translate it into appropriate objectives and targets. We will communicate this policy to all employees, those working on our behalf, interested parties as appropriate, and it will be made available to the public. We welcome comments and suggestions for improvements and will review this policy periodically in light of new knowledge, changing legislation, and the views of the public and advisory panels.

## ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ

MAEX ၏ မျှော်မှန်းချက်မှာ "အမိကမ္ဘာမြေနှင့် သဘာဝပတ်ဝန်းကျင်အား စဉ်ဆက်မပြတ် တည်ရှိစေရန် နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ယူခြင်း" ပင်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် အဆိုပါ မျှော်မှန်းချက် အား မိမိတို့ စီးပွားရေးလုပ်ငန်း ဆောင်ရွက်သည့် မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို အစဉ်အမြဲ အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံရန်ဖြစ်ပါသည်။ မိမိတို့၏ စီမံချက်အောင်မြင်မှု ရရှိရန်အတွက် မိမိတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လက်တွဲ အလုပ်လုပ် ကိုင်ရန် မရှိမဖြစ်လိုအပ်ပါသည်။ အဆိုပါလိုအပ်ချက်သည် မိမိတို့၏ ပတ်ဝန်းကျင်အား ထိန်းသိမ်း စောင့်ရှောက်ရန်၊ သန့်စင်ခြင်းနှင့် စဉ်ဆက်မပြတ်ဆောင်ရွက်မှုများ ဆောင်ရွက်လျက် ရှိသကဲ့သို့ မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှု အဆင့်တိုင်းအား အသိပေးရန်လိုအပ်ပါသည်။ အဆိုပါချဉ်းကပ်မှုများ အဆက်မပြတ် တိုးတက်မှု ရရှိစေရန်အတွက် မိမိတို့၏ ပတ်ဝန်းကျင်နှင့် စွမ်းဆောင်မှု အရည်အသွေး တိုးမြှင့်လာစေရန် ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် မိမိတို့၏ ဖောက်သည်များ၏ လိုအပ်ချက်အား ပြည့်မီစေရန် ရှင်းလင်းသည့် အာရုံစူးစိုက်မှုအား ထိန်းသိမ်းရန်နှင့် မိမိတို့၏ အရေးပါသော အကျိုးသက်ဆိုင်သူများနှင့် ထိထိရောက်ရောက် လက်တွဲပူးပေါင်း ဆောင်ရွက်နိုင်ရေး တို့အတွက် မိမိတို့ တွန်းအားပေး ဆောင်ရွက်လျက် ရှိပါသည်။ ယင်းသည် မိမိတို့ ချဉ်းကပ်မှု၏ နလုံးသည်းပွတ်ပင်ဖြစ်ပါသည်။

MAEX သည် သယံဇာတနှင့် ပတ်ဂန်းကျင်ထိန်းသိမ်းရေး ဂန်ကြီးဌာနမှချမှတ်ထားသော မူဂါဒအသစ်များ {Environmental Conservation Law (2012), Environmental Conservation Rules (2014), Myanmar Environmental Impact Assessment (EIA) procedures (2016) နှင့် Environmental Quality Standards (2016)} ၊ လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံတကာမှချမှတ်ထားသော ISO140001 လိုက်နာဆောင်ရွက်သည့်အပြင် MAEX ၏ ပတ်ဝန်းကျင်ဆိုင်ရာ မျှော်မှန်းချက်နှင့် မိမိတို့၏ စီးပွားရေး မဟာဗျူဟာ ဦးတည်ချက်များနှင့် အညီ

- မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် ဥပဒေနှင့် သက်ဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ လိုက်နာရန် တာဝန်ရှိမှုများနှင့် ညီညွတ်မှုရှိစေရန် ထိန်းသိမ်းခြင်း
- မိမိတို့ အလုပ်လုပ်ရာ အသိုက်အဝန်းရှိ အကျိုးသက်ဆိုင်သည့် အဖွဲ့အစည်းများ၊ စည်းမျဉ်း ချမှတ်သူများနှင့် အပြုသဘောဆောင်သည့် ဆက်ဆံရေးမှတစ်ဆင့် တက်ကြွ၍ အပေါင်း လက္ခဏာ ဆောင်သည့် အခန်း ကဏ္ဍတစ်ရပ်ဖော်ဆောင်ရန်

- မိမိတို့၏ ဖောက်သည်များထံ သန့်ရှင်း၍ အားထားယုံကြည်မှုရှိရှိ လုံခြုံစိတ်ချရရှိသည့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအား ဖြန့်ဖြူးရန်၊ စက်မှုအညစ်အကြေးများအား ဖယ်ရှားခြင်းနှင့် သဘာဝပတ်ဝန်းကျင်အား မထိခိုက်စေပဲ သန့်ရှင်းစွာ ပြန်လည်ပို့ဆောင်ရန်
- မိမိတို့ ဝန်ထမ်းအားလုံးနှင့် မိမိတို့ ကိုယ်စား အလုပ်လုပ်ကိုင်သူများသည် သဘာဝပတ်ဝန်းကျင်၊ အရည်အသွေးနှင့် သက်ဆိုင်သည့် သင်တန်းပေးမှုများ ရရှိစေရန်နှင့် ယခုမူဝါဒပါ ပြဿနာ များအား သိမြင်နားလည်မှု တိုးတက် ဖွံ့ဖြိုးလာစေရန်
- ကုမ္ပဏီအုပ်စုအတွင်း ဆန်းသစ်သည့် နည်းပညာ၊ ထိရောက်သည့် စီမံခန့်ခွဲမှု ထိန်းချုပ်ခြင်း စံနစ်နှင့် အကျိုးရှိထိရောက်သည့် ရင်းနှီးမြှုပ်နှံမှုကို ပစ်မှတ်ထားခြင်းမှ တစ်ဆင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုအား ကာကွယ်ရန်နှင့် လျော့ချရန်
- အကျိုးရှိထိရောက်သည့် လက်တွေ့ဆောင်ရွက်မှုများမှတစ်ဆင့် ဇီဝမျိုးစုံ မျိုးကွဲများ တိုးပွားလာစေခြင်းနှင့် ထိန်းသိမ်း စောင့်ရှောက်ခြင်း
- မိမိတို့တာဝန်သည် သဘာဝပတ်ဝန်းကျင်အား မြှင့်တင်သူအဖြစ် မိမိတို့၏ မြေအရင်း အမြစ်များ အား လူမှုရေးနှင့် ပတ်ဝန်းကျင်အရ တာဝန်ရှိသည့် နည်းလမ်းများဖြင့် စီမံခန့်ခွဲခြင်း၊ မိမိတို့၏ ရှယ်ယာရှင်များ၊ ဖောက်သည်များ၊ မိတ်ဖက်များနှင့် အကျိုးသက်ဆိုင်သူများ၏ လိုအပ်ချက်များ အား ဟန်ချက်ညီစေခြင်း၊
- ရာသီဥတုပြောင်းလဲမှုနှင့် ရာသီဥတုဆိုးဝါးမှုအား ရင်ဆိုင်ရာတွင် မိမိတို့၏ ဖောက်သည်များ အထူးသဖြင့် လယ်သမားများအတွက် ဝန်ဆောင်မှုများ တိုးမြှင့်ပေးအပ်ခြင်းနှင့် လက်ခံနိုင်သည့် အဆင့်တစ်ခုတွင် ဆက်လက်ထိန်းသိမ်းခြင်း
- အနာဂါတ် ရာသီဥတုပြောင်းလဲမှုအား မိမိတို့၏ အပိုင်းမှ ချဉ်းကပ်ရာတွင် မိမိတို့ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ထောက်ပံ့ရေး ကွင်းဆက်များတွင် တွဲဖက် ပါဝင်လျက်ရှိသော ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုနှင့် ညစ်ညမ်းစေသော ထုတ်လွှတ်မှုများအား စီမံခန့်ခွဲခြင်းဖြင့် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- မြန်မာနိုင်ငံအတွက် စွမ်းအင်လုံခြုံမှုရှိစေရန် ကူညီခြင်းနှင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုမှုများအား အကျိုးရှိ ထိရောက်စေရန် ဆောင်ရွက်ခြင်း
- မိမိတို့၏ ထောက်ပံ့ရေးကွင်းဆက်များ(ကုန်စည်နှင့် ဝန်ဆောင်မှုများ) အား အရင်းအမြစ်များ အသုံးပြုရာတွင် စဉ်ဆက်မပြတ်သုံးစွဲနိုင်မှုကိုတိုးမြှင့်လာစေရန် လုပ်ဖော်ကိုင်ဖက်များနှင့်အတူတကွ ဆောင်ရွက်ခြင်း
- အထက်ပါအချက်အားလုံးအား လက်တွေ့ကျင့်သုံးနိုင်ရန်နှင့် မိမိတို့၏ ဖောက်သည်များနှင့် ရှယ်ယာရှင်များအတွက်သင့်တော်မျှတသည့် ကုန်ကျစားရိတ်ဖြစ်စေရန် မိမိတို့ရည်ရွယ် ပါသည်။

ယခုမူဝါဒအား MAEX မှ ထိန်းချုပ်နိုင်သည့် အကျိုးစီးပွားရှိသည့် ကုမ္ပဏီအားလုံးတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ အဆိုပါ ကုမ္ပဏီများသည် ယခုမူဝါဒအား လိုက်နာကျင့်သုံးရန်နှင့် အမူပါမူဝါဒများအား ကောင်းမွန်သင့်လျော်သည့် ဦးတည်ချက်နှင့် ပစ်မှတ်များအဖြစ် ပြောင်းလဲရန် မိမိတို့ အားပေးပါသည်။ ယခုမူဝါဒအား ဝန်ထမ်းအားလုံးနှင့် မိမိတို့ကိုယ်စား လုပ်ငန်းဆောင်ရွက်သူများလုံးနှင့် အကျိုးစီးပွားသက်ဆိုင်သူများသို့ ဖြန့်ဝေမှုဖြစ်ပြီး အများပြည်သူလေ့လာဖတ်ရှုနိုင်ရန်လည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကာလအပိုင်းအခြားအလိုက် အသိပညာအသစ်များ၊ ဥပဒေဆိုင်ရာ အပြောင်းအလဲများနှင့် အများပြည်သူနှင့် အတိုင်ပင်ခံအဖွဲ့များ၏ အမြင်များအရ ယခုမူဝါဒအား ပိုမိုကောင်းမွန်စေရန် ပြန်လည်သုံးသပ်ခြင်းနှင့် အကြံပြုမှတ်ချက်ပေးပို့ခြင်းများအား ကြိုဆိုသွားမည်ဖြစ်ပါသည်။